Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေး အလေ့အကျင့်

## သင်တန်းဆရာလမ်းညွှန်



Source: VSO Image library

# သင်ရိုးပိုင်း ၂

# သင်ယူသူများကိုသိရှိခြင်း

Implemented by: British Council, The Open University, VSO, montrose

# သင်ရိုးပိုင်း ၂ - သင်ယူသူများကိုသိရှိခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ အားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ဒုတိယပိုင်း**ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေးအလေ့အကျင့်မှ ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ပညာရေး လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများမှ ဦးဆောင်အဖွဲ့များနှင့် ဆရာအတတ်သင်ဆရာ/မများအတွက် ဖြစ်ပါသည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | **သင်ယူသူများကိုသိရှိခြင်း** |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းများမေးခြင်းနှင့် ပြန်လည်သုံးသပ်မှုပေးခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်းထံမှသင်ယူခြင်း၊ ပါဝင်ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သင်ယူခြင်း |
| ၉ | ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့် လူမှုကိစ္စတွင် သာစေမာစေရေး ပံ့ပိုးပေးခြင်း |
| ၁၀ | မြန်မာနိုင်ငံ အားလုံးအကျုံးဝင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းဖြင့် ကျောင်းသူ/သားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူ/သားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မစွမ်းမသန်ဖြစ်သော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူ/သားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

# သင်ယူမှုဂျာနယ်

သင်ယူမှုဂျာနယ်ရှိကြောင်း၊ သင်ရိုးပိုင်းအတွက် မည်သို့ရည်ရွယ်အသုံးပြုကြောင်း သင်တန်းသူ/သားအားလုံး သတိမူမိကြပါစေ။ သင်တန်းသူ/သားစာအုပ်မှ ဂျာနယ်ကို အကောင်းဆုံးပြီးအောင်ရေးနည်းအကြံပြုချက်ကို ထောက်ပြပါ။ လုပ်ဆောင်ချက်အဖြေ

အားလုံး ဂျာနယ်တွင်း ရေးထားရပါမည်။ ပြန်လှန်သုံးသပ်မှုသည် သင်ယူမှုဖြစ်စဉ်၏ အပိုင်းဖြစ်ကြောင်း၊ လုပ်အပ်သည့် လုပ်ဆောင်ချက် တစ်ခုဖြစ်ကြောင်း သတိချပ်ပါ။ သင်ရိုးပိုင်းတစ်လျှောက်လေ့လာရင်း စိတ်ဝင်စားဖွယ် စကားလုံး၊ စကားစု၊ ဝေါဟာရသစ်များကို သင်တန်းသားများ မှတ်သားကြပါစေ။

# လေ့လာနည်းအကြံပြုချက်

သင်ရိုးပိုင်းကို မည်ကဲ့သို့ပြီးအောင်လုပ်ရမည်ဖြစ်ကြောင်း ရှင်းပြရန်အရေးကြီးပါသည်။ သင်တန်းသူ/သားများမှ အချိန်ယူပြီး သင့်တော်သည့် အချိန်ဇယားတစ်ခုဆွဲကာ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ရန်လိုပါသည်။ တွေးတော/တွဲဖက်/ဝေမျှသည့် think/pair/share နည်းလမ်းသည် သင်တန်းသူ/သားများ ပူးပေါင်းဆောင်ရွက်ရန်၊ အတွေးအမြင်ဖလှယ်ရန်၊ မေးခွန်းမေးရန်၊ လုပ်ထားသည်များစစ်ဆေးရန်နှင့် တုံ့ပြန်ဖြေကြားရန်နည်းလမ်းကောင်းတစ်ခုဖြစ်ပါသည်။

## **အားလုံးအကျုံးဝင် သင်ကြားရေး အလေ့အကျင့်** CPD **သင်ရိုးပိုင်းနောက်ခံအကြောင်း**

သင်ရိုးပိုင်းများတွင် ပညာရေးအခင်းအကျင်းအားလုံးတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုကို ထင်ဟပ်သည့် အားလုံး အကျုံးဝင်မှု၊ ကျား/မသာတူညီမျှမှုနှင့် ၂၁ ရာစုကျွမ်းကျင်မှုဟူသော အဓိကအကြောင်းအရာ ၃ ခု ပါရှိပါသည်။ ဤအကြောင်းအရာများသည် သင်ရိုးညွှန်းတမ်းနယ်ပယ်အားလုံးတွင် အဓိကကျပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက်သာမက ကမ္ဘာ့အနာဂတ်အတွက်လည်း ပဓာန ကျလျက်ရှိပါသည်။

ဤသင်တန်းကို သင်တန်းသူ/သားများမှ သင်ကြားရေးဆိုင်ရာ၊ ကျောင်းသူ/သားများ၏သင်ယူမှုနှင့် ၎င်းတို့ကောလိပ် (သို့) ကျောင်းတို့၏ အကျုံးဝင်မှုအပေါ်သက်ရောက်မှုဆိုင်ရာ ၎င်းတို့၏ **ယုံကြည်ချက်နှင့် သဘောထားများ**ကို စိန်ခေါ်ခြင်းဖြင့် စိတ်ဝင်တစား ပါဝင်ဆွေးနွေးနိုင်အောင် စီစဉ်ရေးဆွဲထားပါသည်။ သင်တန်းဆရာ/မတစ်ဦးအနေဖြင့် သင်ရိုးပိုင်းတစ်လျှောက် တက်ရောက်သူများ၏ ယုံကြည်ချက်နှင့် သဘောထားများကို စိန်ခေါ်နိုင်မည်ဟု မျှော်လင့်ပါသည်။

သင်တန်းဆရာ/မအနေဖြင့် သင်တန်းအတွင်း အားလုံးအကျုံးဝင်မှုဆိုင်ရာ သင်ကြားရေးနည်းစနစ် အတော်များများကို ထည့်သွင်းအသုံးပြုရန်လည်း အရေးကြီးပါသည်။ တက်ရောက်သူများသည် ၎င်းတို့၏ စွမ်းရည်၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုတို့ကို ထောက်လျှက် ၄င်းတို့လုပ်နိုင်သည့် နှုန်းဖြင့် လုပ်ကြပါစေ။

သင်ရိုးပိုင်းများတွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်များ မည်ကဲ့သို့ ဖန်တီးကြောင်း ကြည့်ကြပါမည်။ အားလုံး အကျုံးဝင် သင်ကြားမှုအလေ့အကျင့်ဖြင့် ကျား/မသာတူညီမျှမှုကို ပံ့ပိုးပုံ၊ ၂၁ ရာစုကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို အားပေးကြောင်း တွေ့ရပါမည်။

သင်ရိုးပိုင်းတစ်ခုချင်းတွင် သင်တန်းသူ/သားများ မိမိတို့ကြိုက်သည့် အမြန်နှုန်းဖြင့် လုပ်နိုင်သည့် လုပ်ဆောင်ချက်များ အစဉ်လိုက် ပါဝင်ပါသည်။ သင်ရိုးပိုင်းကိုလုပ်ပြီးလျှင် ပေးထားသောအဖြေများမှ အဖြေမှန်ရွေးသည့် ပဟေဠိတစ်ခုကို ဖြေရပါမည်။

## သင်ရိုးပိုင်း ၂ အတွက် သင်ယူမှုရလဒ်များ

**ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။**

**၁. မိမိတပည့်များအကြောင်းသိရန်အရေးကြီးပုံကို ရှင်းပြခြင်း**
**၂. တပည့်များအကြောင်း သိနိုင်မည့်နည်းလမ်းများကို ဆွေးနွေးခြင်း**
**၃. သင်ယူမှုအရင်းအမြစ်သည် အားလုံးအကျုံးဝင်မှုရှိမရှိ ဆုံးဖြတ်ခြင်း**
**၄. အာရုံအမျိုးမျိုးဖြင့်သင်ယူမှု၏ အရေးပါပုံကို ရှင်းပြခြင်း**
**၅. သင်ခန်းစာအစီအစဉ်တွင် အာရုံအမျိုးမျိုးဖြင့်သင်ယူမှု ပါဝင်အောင် ပြုပြင်ခြင်း**

ယခင်သင်ရိုးပိုင်းမှ အားလုံးအကျုံးဝင်မှုအယူအဆနှင့် ၎င်းသည်မည်သည့်အဓိပ္ပါယ်ဆောင်ကြောင်းကို မိတ်ဆက်ပေးခဲ့ပြီး၊ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ် အစရှိသည့်ပညာသင်ကြားသည့်နေရာများ၊ စာသင်ခန်းနှင့် ဆရာ/မသည် သင်ကြားရေးတွင် အားလုံးအကျုံးဝင်မှုရှိမရှိ စိစစ်သုံးသပ်ခဲ့ပါသည်။ ဤ**ဒုတိယသင်ရိုးပိုင်း**တွင် 'သင်ယူသူများကိုသိရှိရန်' အလွန်အရေးကြီးကြောင်းကို မိတ်ဆက်ပေးပါမည်။ ထိုသို့သိရှိမှသာ အသုံးပြုသောအရင်းအမြစ်များသည် အားလုံးအကျုံးဝင်မဝင် ဆုံးဖြတ်နိုင်ပါသည်။ နောက်ဆုံးပိုင်း၌ အာရုံအမျိုးမျိုးဖြင့် သင်ယူမှုအကြောင်းနှင့် ၎င်းကို သင်ယူသူများ၏လိုအပ်ချက်များအား ထောက်ပံ့ဖြည့်ဆည်းနိုင်ရန် မည်သို့အသုံးပြုနိုင်သည်ကို စူးစမ်းပါမည်။

## သင်ရိုးပိုင်း ၂ - လုပ်ဆောင်ချက်များအတွက် ထပ်ဆောင်းညွှန်ကြားချက်များ

| **လုပ်ဆောင်ချက်** | **နောက်ထပ်စဉ်းစားဖွယ်အချက်များ** |
|---|---|
| ရှိပြီး အသိပညာကို စစ်ဆေးအကဲဖြတ်ခြင်း | ပထမလုပ်ဆောင်ဖွယ်မှာ သင်ရိုးပိုင်း ၁ ကို ပြန်ကောက်သည့် စစ်ဆေးအကဲဖြတ်မှုဖြစ်ပါသည်။ ဤသို့အားဖြင့် ယခင်သင်ရိုးပိုင်းပါ အကြောင်းအရာများကို သင်တန်းသူ/သားများအား ပြန်လည်သတိရစေပြီး ဤသင်ရိုးပိုင်းအတွက် ပြင်ဆင်ရာတွင် အရေးကြီးသည့်အချက်များကို ပြန်မှတ်မိစေပါမည်။ သင်တန်းသူ/သားများ ပထမအကြိမ်ဖြေပြီးလျှင် ပထမသင်ရိုးပိုင်းကို ကိုးကားလျက် အဖြေတိုက်ကြပါစေ။ |
| နိဒါန်း | သင်ယူသူအားလုံးအား အောက်ပါကိုဖတ်ကြရန်။<br>**မတူကွဲပြားမှုကိုယုံကြည်လက်ခံခြင်း - အားလုံးအကျုံးဝင်ပြီး ပျော်ရွှင်စွာသင်ယူနိုင်မည့် ဝန်းကျင်များဖန်တီးနည်းအထွေထွေ - စာအုပ်ငယ် အမှတ် ၄**<br>**https://unesdoc.unesco.org/ark:/48223/pf0000137522_bur**<br>အပိုင်း ၄.၁ - 'သင်ယူသူတစ်ဦးအနေဖြင့် သင်ယူမှုအကြောင်းကို သင်ယူခြင်း' စာ ၃-၂၀<br>အပိုင်း ၄.၂ - ပထမပိုင်း 'မတူကွဲပြားမှုကိုတန်ဖိုးထားအားပေးခြင်း' စာ ၂၁-၂၇ နှင့် 'သင်ရိုးညွှန်းတမ်းနှင့်သင်ယူမှုပစ္စည်းများရှိ ဘက်လိုက်မှုများ' စာ ၃၄-၅၄<br>အပိုင်း ၄.၃ - ပထမပိုင်း'တစ်သက်တာသင်ယူမှု' စာ ၅၇-၆၇ |
| မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း - ၁ | အချို့သင်တန်းသူ/သားများအတွက် မိမိကိုယ်မိမိ ရိုးရိုးသားသား စစ်ဆေးရန်အတွက် အားပေးရန် လိုအပ်ပါမည်။ ယခုသင်ရိုးပိုင်းသည် အားလုံးအကျုံးဝင်မှု အလေ့အကျင့်သင်ရိုးပိုင်း ၁၅ ခု၏ အစပိုင်းဖြစ်ကြောင်းနှင့် သင်တန်းသူ/သားများ၏ နားလည်မှုနှင့် ယုံကြည်မှုများ ကာလကြာမြင့်လာသည်နှင့် အမျှတိုးတက်လာမည် ဖြစ်ကြောင်း ၎င်းတို့ |

| လုပ်ဆောင်ချက် | နောက်ထပ်စဉ်းစားဖွယ်အချက်များ |
|---|---|
| | သိကြပါစေ။ ကိုယ်တိုင်စစ်ဆေးမှုရလဒ်ကို သင်ရိုးပိုင်း ၂ အပြီး နောက်စစ်ဆေးမှုတစ်ခု၏ ရလဒ်နှင့် နှိုင်းယှဉ်ခြင်းဖြင့် သင်တန်းသူ/သားများသည် မိမိတို့ သင်ယူမှုကို နှိုင်းယှဉ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းများ ပြုစေနိုင်မည် ဖြစ်ပါသည်။ |
| ၂.၁ 'သင်ယူသူများကို သိရှိခြင်း'၏ အကျိုးကျေးဇူးများ အပိုင်း ၁ | သင်တန်းသူ/သားများသည် 'သင်ယူသူများကိုသိရှိခြင်း' ဗီဒီယိုလေးခုကို ကြည့်ရပါမည်။ ကြည့်ရင်း ပေးထားသည့်မေးခွန်းသုံးခုအတွက် မှတ်စုရေးရပါမည်။ ဗီဒီယိုတစ်ခုချင်းတွင် ထိုးထားတေသာစာတမ်းများကို ဖွင့်နိုင်ကြောင်း၊ ထို့ပြင် စာသားကိုလည်းဖွင့်ကြည့်ပြီး ကိုယ့်အမြန်နှုန်းနှင့်ကိုယ်ဖတ်နိုင်ကြောင်း သိကြပါစေ။ ဤနည်းဖြင့် တစ်ဦးချင်းသင်ယူမှု လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ပါသည်။ နည်းပညာသုံးရာတွင် ပိုမိုလွယ်ကူရန် နှစ်ယောက်တွဲ (သို့) အုပ်စုငယ်ဖွဲ့ ကြည့်နိုင်ပါသည်။ ဝေါဟာရအသစ်တွေ့လျှင် သင်ယူမှုဂျာနယ်တွင် မှတ်သားကြပါစေ။ ဖြစ်နိုင်လျှင် နားလည်မလည်သေချာစေရန် အယူအဆ (သို့ ) ဝေါဟာရသစ်ကို အုပ်စုဖွဲ့ဆွေးနွေးကြပါ။<br>- ဗီဒီယို ၁ - သင်ယူသူများ၏လိုအပ်ချက်များကို နားလည်ခြင်း<br>www.youtube.com/watch?v=ENvkE_0N3jo<br>- ဗီဒီယို ၂ - သင့်တပည့်များကို သိကျွမ်းလာခြင်း<br>www.youtube.com/watch?v=Zzvd3VpNCXE<br>- ဗီဒီယို ၃ - ကလေးတစ်ဦးချင်းကို သိခြင်း<br>www.youtube.com/watch?v=xjZx0VdmgkE<br>- ဗီဒီယို ၄ - ခင်မင်ဖွယ်ကောင်းသည့်စာသင်ခန်း တည်ဆောက်ခြင်း<br>www.youtube.com/watch?v=Q6niuYToam4 |
| ၂.၂ 'သင်ယူသူများကို သိရှိခြင်း'၏ အကျိုးကျေးဇူးများ အပိုင်း ၂ | သင်တန်းသူ/သားများဖတ်ရန်စာနှစ်မျိုးရှိပါသည်။ စာပိုဒ် ၁ မှာ စာပိုဒ် ၂ ကိုအတိုချုံးထားခြင်းဖြစ်ကာ ဖတ်ရန်ပိုလွယ်ကြောင်း ရှင်းပြပါ။ စာပိုဒ် ၁ ကို ဤသင်ရိုးပိုင်းအဆုံးရှိ **နောက်ဆက်တွဲ ၁** တွင် တွေ့နိုင်ပါသည်။ အင်္ဂလိပ်စာကို လွယ်လွယ်ကူကူ ဖတ်နိုင်သူများအား မူရင်းစာအုပ်ပါ တစ်ခန်းလုံး (စာပိုဒ် ၂)ကို ဖတ်ရန်အားပေးပါ။ သင်တန်းသူ/သားများအား ဝေါဟာရသစ် အထူးသဖြင့် 'သင်ယူသူများကိုသိရှိခြင်း'၏ **အကျိုးကျေးဇူးများ**အကြောင်းကို သင်ယူမှုဂျာနယ်တွင် မှတ်စုရေးခိုင်းပါ။<br>**စာပိုဒ် ၂ လင့်ခ်-** www.ascd.org/publications/books/111011/ chapters/ Knowing-Our-Students-as-Learners.aspx (ဖတ်ချိန် ၃၀ မိနစ်) |
| ၂.၃ 'သင်ယူသူများကို သိရှိခြင်း'၏ အကျိုးကျေးဇူးများ အပိုင်း ၃ | ဗီဒီယို (၂.၁)နှင့်စာပိုဒ်(၂.၂)ကို ဤလုပ်ဆောင်ချက်မတိုင်မီ ပြီးအောင်လုပ်ရပါမည်။ ဖြစ်နိုင်လျှင် 'သင်ယူသူများကိုသိရှိခြင်း'၏ အကျိုးကျေးဇူးကို နှစ်ယောက်တွဲပြီး တွေးနိုင်သလောက် များများတွေးကြပါစေ။ သင်ယူမှုဂျာနယ်တွင် စာရင်းပြုစုရပါမည်။ |
| ၂.၄ 'သင်ယူသူများကို သိရှိခြင်း'၏ အကျိုးကျေးဇူးများ အပိုင်း ၄ | သင်တန်းသူ/သားတို့က ၂.၃ အဖြေများကိုသုံးပြီး အတန်းတွင်းဖြစ်နိုင်သည့် အသွင်အပြင်များနှင့် မိမိတို့စတင်စဉ်းစားရန်လိုသည်တို့ကို စူးစမ်းကြပါသည်။ အဖြေမှာ ယေဘုယျ (ကျယ်ကျယ်ဝန်းဝန်း) ဖြစ်သင့်ပါသည်။ ဥပမာများကိုကြည့်ပါ။ သင်ယူမှုဂျာနယ်တွင် ရိုးရိုးရှင်းရှင်း တွဲပေးသည့် စာရင်းတစ်ခု လုပ်နိုင်ပါသည်။ |

| လုပ်ဆောင်ချက် | နောက်ထပ်စဉ်းစားဖွယ်အချက်များ |
|---|---|
| | သင်တန်းသူ/သားတို့သည် ၂.၃ အတွက် ကျယ်ဝန်းသည့်အဖြေများကိုစဉ်းစားပြီး သင်ယူသူ **အားလုံး**အကျုံးဝင်အောင် ကြိုတင်ပြင်ဆင်ရန် စာသင်ခန်းတွင်းတွင် ဆောင်ရွက်ရမည့် အရာများကို မည်သည်တို့ကိုလုပ်ဆောင်ရန် လိုအပ်ကြောင်း အကြံပြုချက်များကို တိတိကျကျ ပေးရန် လိုအပ်ပါသည်။ လုပ်ဆောင်ချက်ကိုလုပ်စဉ် သင်တန်းသူ/သားများ စာပိုဒ် ၁ (နောက်ဆက်တွဲ ၁) (သို့) စာပိုဒ် ၂ ကို ပြန်ဖတ်ပါစေ။ |
| ၂.၅ သင်ယူသူများအကြောင်း အချက်အလက် အမျိုးအစား ခွဲခြားခြင်း | သင်တန်းသူ/သားတို့အား ဖြစ်ရပ်လေ့လာချက်နှစ်ခုကိုဖတ်စေပြီး သူသူနှင့်မင်းကျော်တို့၏ သင်ယူမှုအပေါ် သက်ရောက်နိုင်သည့် အဓိကအချက်များနှင့် ဆက်နွယ်နေသော နယ်ပယ်များကို စာအတွင်းတွင် ရှာဖွေဖော်ထုတ်ရပါမည်။ သူသူနှင့်မင်းကျော်တို့သင်ယူမှုကို မည်သည်က သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်ရာတွင် အထောက်အကူပြုနိုင်ရန် ပြီးခဲ့သည့် စာမျက်နှာတွင်ဖော်ထုတ်ထားသည့် **အဓိကအချက်များ**ကို ပြန်လည်ရည်ညွှန်းပါစေ။ သင်ယူသူများအား ဆရာ/မများက မေးနိုင်သည့် မေးခွန်းများသည် ဤအချက်အလက်များအပေါ် အခြေပြုနိုင်ကြောင်းရှင်းပြပါ။ ဆရာ/မများသည် ရသည့်အဖြေများကို သင်ခန်းစာ အစီအစဉ်ဆွဲရာတွင် သုံးနိုင်ပါမည်။ သင်တန်းသူ/သားများက သင်ယူမှုဂျာနယ်တွင် ဇယားဆွဲပြီး ဖြည့်ရပါမည်။ ဥပမာအချို့ပေးထားပါသည်။ |
| ၂.၆ အတန်းများအတွက် အစီအစဉ်ဆွဲရာတွင် သုံးနိုင်မည့် အချက်အလက် အမျိုးအစား (မေးခွန်းများ) | သင်တန်းသားများအား လုပ်ပြီးခဲ့သည့် လုပ်ဆောင်ချက်များအကြောင်းပြန်တွေးကြပါစေ။ ၁. သင်ယူသူအကြောင်း မည်မျှသိထားပါသနည်း ၂. မည်မျှသိနိုင်ပါသနည်း ၃. အခြင်းအရာ ၅ ခု အတွက် အချက်အလက်များ၊ ၄. ဖတ်ထားသည့် **'သင်ယူသူများကိုသိရှိခြင်း'** ၅. ဖြစ်ရပ်လေ့လာချက်နှစ်ခု၊ အဓိကအခြင်းအရာများအကြောင်း ခေါင်းစဉ်များအောက်တွင် တပည့်များအကြောင်းပိုမိုသိနိုင်ရန် သင်တန်းသူ/သားတို့ မေးနိုင်မည့် **မေးခွန်း ၆-၁၀** ခု စဉ်းစားကြပါစေ။ ထို့နောက် သင်ယူမှုဂျာနယ်တွင်ရေးကြရပါမည်။ ဖြစ်နိုင်လျှင် တွေးတော၊ တွဲဖက်၊ ဝေမျှကြပါစေ။ ရထားသည့်အချက်အလက်များသည် တပည့်တစ်ဦးချင်းသင်ယူမှု တိုးတက်ရေးနှင့်သက်ဆိုင်ရန် လိုအပ်ကြောင်း သတိချပ်ကြပါစေ။ ဥပမာတစ်ခု ပေးထားပါသည်။ |
| ၂.၇ သင်ယူမှု ပရိုဖိုင်း ရေးသားခြင်း | ဤလုပ်ဆောင်ချက်တွင် သင်ယူမှုပရိုဖိုင်း ပြုစုပုံ ဥပမာပေးထားပါသည်။ လုပ်ဆောင်ချက်ကို မှတ်မိသလောက်(သို့)မိမိ၏အတန်းတစ်တန်းထဲတွင် အမှန်တစ်ကယ်ရှိသည့်သင်ယူသူများကို သုံး၍ လုပ်ဆောင်နိုင်ပါသည်။ အတန်းတွင်းမတူကွဲပြားမှုကို ပြသနိုင်ရန် သင်ယူသူမျိုးစုံကို ကျယ်ကျယ်ပြန့်ပြန့်ရွေးချယ်ရန် လိုအပ်ကြောင်းလည်း ရှင်းပြပါ။ လုပ်ဆောင်ချက် ၂.၇ တွင် စဉ်းစားခဲ့သည့်မေးခွန်းများကို သုံးကြပါစေ။ ဖြစ်နိုင်သည့်အဖြေများစွာရှိပြီး သင်တန်းသူ/သားတို့ ရွေးချယ်ထားသည့် သင်ယူသူတစ်ဦးချင်းအကြောင်းကို ဂရုတစိုက်၊ နက်နက်နဲနဲ တွေးတောကြပါစေ။ |
| ၂.၈ သင်ကြားသင်ယူရေး ထည့်တွေးစရာများ အသုံးချခြင်း | သင်ယူမှုလုပ်ဆောင်ချက်/အရင်းအမြစ်များအကြောင်း တွေးတောပြီး သင့်တော်အောင် ပြုပြင်ရာတွင် သင်ယူသူပရိုဖိုင်းသုံးပုံကို ဤလုပ်ဆောင်ချက်မှ စတင်စူးစမ်းထားပါသည်။ (**ပရိုဖိုင်းမတူသည့်**သူများကိုရွေးရမည်ဖြစ်ကြောင်း ရှင်းပြလျက်) ၂.၈ မှ **သင်ယူသူနှစ်ဦး**ကို ရွေးရပါမည်။ သူသူဥပမာကိုသုံးလျက် အတန်းတွင်း သင်ယူသူတစ်ဦးချင်း၏ လိုအပ်ချက် |

| လုပ်ဆောင်ချက် | နောက်ထပ်စဉ်းစားဖွယ်အချက်များ |
|---|---|
| | များကို ဖြည့်ဆည်းပေးနိုင်ပုံကို ဖော်ထုတ်ရန်လိုအပ်ပါမည်။ သင်ယူသူတစ်ဦးချင်း၏ လိုအပ်ချက်များနှင့်ကိုက်ညီနိုင်အောင် မိမိတို့၏သင်ကြားသင်ယူမှုကို မည်သို့ညှိနှိုင်းပြုပြင်နိုင်ကြောင်းကို သင်တန်းသားတို့အား ဂရုတစိုက်၊ နက်နက်နဲနဲ တွေးတောကြပါစေ။ သင်တန်းသားတို့ သင်ယူမှုဂျာနယ်တွင် ရေးနိုင်ပါသည်။ ဖြစ်နိုင်လျှင် တွေးတော၊ တွဲဖက်ပြီး အဖြေကို ဝေမျှပါ။ |
| ၂.၉ သင်ယူမှုအရင်းအမြစ် ဖော်ထုတ်ခြင်း | ၎င်းတို့စာသင်ခန်းအကြောင်း သင်တန်းသူ/သားတို့ စဉ်းစားစေကာ သင်ယူမှု အရင်းအမြစ် အမျိုးအစားများစာရင်းကို ပြန်လှန်သုံးသပ်ကြပါစေ။ ကော်လံ ၁ တွင် အတန်းတွင်း **လက်ရှိ** သုံးနေသည့် အရင်းအမြစ်များကို ဖော်ထုတ်ရပါမည်။ လုပ်ဆောင်ချက် ဒုတိယပိုင်းတွင် နောင်အခါ အတန်းတွင်းစူးစမ်းအသုံးပြုလိုသည့် အရင်းအမြစ်များအကြောင်း တွေးကြပါမည် (ကော်လံ ၂)။ |
| ၂.၁၀ အရင်းအမြစ်များ သင်ယူသူအားလုံးအတွက် အကျုံးဝင်မဝင် စစ်ဆေးအကဲဖြတ်ခြင်း | အရင်းအမြစ်အားလုံး အားလုံးအကျုံးဝင်ရမည်ဟူသော အယူအဆကို ဤလုပ်ဆောင်ချက်က မိတ်ဆက်ပေးပါသည်။ ထို့အပြင် ပြီးခဲ့သည့် စာမျက်နှာများတွင် သင်ယူသိရှိခဲ့သည်တို့ကို သုံးပြီး မိမိတို့အရင်းအမြစ်များ အားလုံးအကျုံးဝင်မဝင် စစ်ဆေးကြပါစေ။ သင်တန်းသူ/သားများအား ၎င်းတို့အတန်းမှ အရင်းအမြစ်သုံးခု ဖော်ထုတ်ကြပါစေ။ ထိုမှ တစ်ခုရွေးချယ်ကာ ၎င်းကို တိုက်ဆိုင်စစ်ဆေးစာရင်းတစ်ခုလုံးသုံးပြီး စစ်ဆေးစေပါ။ အရင်းအမြစ်သည် သင့်တော်မတော် ခပ်တိုတို (အများဆုံးဝါကျသုံးကြောင်း)သုံးသပ်စိစစ်စေပါ။ အရင်းအမြစ် စစ်ဆေးအကဲဖြတ်ပုံကို ကျင့်သားရသွားလျှင် စစ်ဆေးတိုင်း တိုက်ဆိုင်စစ်စာရင်းသုံးရန် လိုတော့မည်မဟုတ်ကြောင်း သတိပေးပါ။ |
| ၂.၁၁ သင်ကြားသင်ယူမှု အရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးပြုခြင်း | အရင်းအမြစ်ကို **အားလုံးအကျုံးဝင်အောင်** သုံးမသုံး ဤလုပ်ဆောင်ချက်မှ မေးခွန်းထုတ်ပါသည်။ သင်တန်းသူ/သားတို့သည် မိမိတို့အရင်းအမြစ်သုံးပုံကိုစူးစမ်းရန်နှင့် ကျောင်းသူကျောင်းသား အားလုံးအတွက် ထိထိရောက်ရောက် သုံးမသုံး စစ်ဆေး အကဲဖြတ်ရန် လိုအပ်ပါသည်။ မိမိတို့သင်ကြားသည့် ကျောင်းသူ/သားများကို အရင်းအမြစ်မျိုးစုံဖြင့် ပံ့ပိုးပေးနိုင်ပုံကို သုံးသပ်ကြပါစေ။ ခေါင်းစဉ်တစ်ခု (သို့) ဘာသာရပ်တစ်ခုအတွက် မည်သည့်အခါ အရင်းအမြစ်စသုံးရန်နှင့် အရင်းအမြစ်လိုမလို စဉ်းစားပါ။ သင်ယူမှုအတွေ့အကြုံကို မည်သို့ တန်ဖိုးတက်စေပါသနည်း။ |
| ၂.၁၂ အာရုံအမျိုးမျိုးဖြင့် သင်ယူမှု | အာရုံအမျိုးမျိုးဖြင့်သင်ယူမှု၏ အရေးပါပုံကို ဤလုပ်ဆောင်ချက်မှ မိတ်ဆက်ပေးပါသည်။ ဗီဒီယိုကားတိုတစ်ခုကြည့်ပြီး သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြပါစေ။ ဗီဒီယိုသည် အာရုံအမျိုးမျိုးဖြင့်သင်ယူခြင်းအကြောင်း ဖြစ်ပါသည်။ လုပ်ဆောင်ချက် ဒုတိယပိုင်းတွင် ဗီဒီယိုမှ သဘောတရားများကို သင်တန်းသူ/သားတို့ ကလေးဘဝက သစ်ပင်အကြောင်း သင်ယူခဲ့ပုံကို ကိုယ်ပိုင် စိတ်ကူးစိတ်သန်း/အတွေး/မှတ်ဉာဏ်နှင့် ချိတ်ဆက်ပေးပါသည်။ သင်ယူမှု ဂျာနယ်တွင် သစ်ပင်ပုံဆွဲကာ စေ့စေ့စပ်စပ်တွေးပြီး စိတ်ကူးပြမြေပုံကို ဆွဲကြပါမည်။ ဤလုပ်ဆောင်ချက်သည် သင်ယူမှုအတွက် မိမိတို့အာရုံကို အသုံးပြုပုံ ဖြစ်ကြောင်း သတိချပ်ကြပါစေ။ |

| လုပ်ဆောင်ချက် | နောက်ထပ်စဉ်းစားဖွယ်အချက်များ |
|---|---|
| ၂.၁၃ အာရုံအမျိုးမျိုးဖြင့် သင်ယူမှု (ဘောလုံး) | သင်တန်းသူ/သားတို့အား ယခင်သင်ယူမှုနှင့် ပြန်ချိတ်စေသည့် လုပ်ဆောင်ချက် ဖြစ်ပါသည်။ အခင်းအကျင်းမှာ ၎င်းတို့ အတန်းတွင်းရောက်ရှိသည့်အခါ **အသက် ၅ နှစ် အရွယ် ကလေးများကိုသင်ရန် ဘောလုံးတစ်ခုတည်းရှိကြောင်း** တွေ့ရခြင်းဖြစ်သည်။ ၎င်းတို့ ဘာသာရပ်နယ်ပယ်မှ ခေါင်းစဉ်တစ်ခုကို တွေးတောရှာဖွေရပါမည်။ သင်တန်းသူ/သားများ အတွက် ဖန်တီးတီထွင်တွေးတောနိုင်မည့် အခွင့်အလမ်းဖြစ်ပါသည်။ အချို့အရင်းအမြစ်များသည် သင်ယူမှုဖြစ်စဉ်အစတွင် အသုံးဝင်နိုင်ကြောင်း ထည့်သွင်းစဉ်းစားရန် လိုပါသည်။ စိတ်ကူးဖြင့် ပုံဖော်သည့်အရာများကို ဆက်မလေ့လာမီ လက်ဆုပ်လက်ကိုင်ပြနိုင် သို့မဟုတ် မြင်နိုင်သော အရာများကို ဦးစွာသုံးခြင်းဖြင့် - ဥပမာ - သင်္ချာတွင် စိတ်တွက်တွက်ခြင်းဖြင့် - ကျောင်းသူကျောင်းသား အချို့ အကျိုးရှိနိုင်ပါသည်။ |
| ၂.၁၄ အာရုံအမျိုးမျိုးဖြင့် သင်ယူမှုကို အသုံးချခြင်း | ဤလုပ်ဆောင်ချက်တွင် ရိုးရိုးရှင်းရှင်းလုပ်ဆောင်ချက်များအတွက် အာရုံအမျိုးမျိုးဖြင့် သင်ယူမှုကို သင်တန်းသူ/သားတို့အား အသုံးချစေပါမည်။ ဦးနှောက်ပုံ ဇယားနှင့် - အမြင်၊ အကြားနှင့် အထိအတွေ့ သုံးမျိုးတည်းသာမဟုတ်ပဲ - အာရုံအမျိုးမျိုးဖြင့်သင်ယူမှုနည်းလမ်း အဖုံဖုံအကြောင်း ၎င်းတို့ကို အမှတ်ရစေပါ။ ၎င်းတို့၏ သင်ခန်းစာအစီအစဉ်များမှ **လုပ်ဆောင်ချက်**တစ်ခုအကြောင်း တွေးကြပါစေ။ တပည့်များ အခက်ကြုံလေ့ရှိသည့်အရာ တစ်ခုကို စမ်းသပ်ရွေးချယ်ကြရန် အားပေးပါ။ သို့မှသာ တိုးတက်ကြောင်း ပေါ်လွင်နိုင်ပါမည်။ လုပ်ဆောင်ချက်ကို အာရုံများနိုင်သလောက် များများသုံးပြီး ပြန်လည်စီစဉ်ရေးဆွဲကြပါစေ။ အာရုံများလေ ကောင်းလေဖြစ်သည်။ ဆရာများအတွက် တတ်ကျွမ်းကျင်မှု စံသတ်မှတ်ချက် အညွှန်းဘောင်မှ သင်ခန်းစာအစီအစဉ်တစ်ခုကိုသုံးရန် အားပေးပါ။ ထို့နောက် အစီအစဉ် သစ်ကို သင်တန်းဖော်တစ်ဦး (သို့) အုပ်စုငယ်တစ်ခုနှင့် ဝေမျှစေကာ အာရုံပိုများများ သုံးခြင်းဖြင့် လုပ်ဆောင်ချက်တိုးတက်လာခြင်းရှိမရှိ သုံးသပ်ဖြေကြား ကြပါစေ။ |
| နိဂုံး | သင်ရိုးပိုင်းနှင့်အဓိကအချက်များထပ်လောင်းသင်ကြားခြင်း - လုပ်ဆောင်ချက် မရှိပါ။ |
| သင်ရိုးပိုင်း ၂ - အဆုံးသတ် ပဟေဠိ | အဖြေမှန်ရွေးရသည့် မေးခွန်းလွှာဖြစ်ပြီး သင်တန်းသူ/သားများ သင်ရိုးပိုင်းကို မည်မျှ နားလည်ကြောင်းစစ်ဆေးပါသည်။ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ရန် အားပေးပြီး ရာနှုန်းပြည့် အဖြေမှန်ရရန် အဖြေများကို လိုအပ်သလို ကြိမ်ဖန်များစွာ ဖြေကြပါစေ။ |
| သင်ရိုးပိုင်း ၂ - အဆုံးသတ် ပဟေဠိ အဖြေ | အဖြေရာနှုန်းပြည့်မှန်စေရန် သင်တန်းသူ/သားများ မေးခွန်းများကို ပြန်ဖြေသင့်ပါသည်။ အချို့မေးခွန်းများတွင် အဖြေတစ်ခုထက်ပိုရှိနိုင်ကြောင်း သတိပေးပါ။ |
| ၂.၁၅ မိမိကိုယ်တိုင်၏ သင်ကြားရေး အလေ့အကျင့်ကို ပိုမို တိုးတက် ကောင်းမွန်စေခြင်း | ဤလုပ်ဆောင်ချက်သည် သင်တန်းသူ/သားများ စဉ်းစားစရာ အခင်းအကျင်းတစ်ခုကို ချပေးပါသည်။ ဌာနမှူးပေးသော အဆိုနှစ်ခုကိုဖြည့်ရန် ဖြစ်ပါသည်။ ၎င်းက ဆရာ/မတို့သည် တပည့်များကိုသိကျွမ်းမှုနှင့်သင်ကြားသင်ယူရေးလုပ်ဆောင်ချက်များတွင် အာရုံအမျိုးမျိုးဖြင့် သင်ယူမှုတို့ကို ပိုမိုကောင်းမွန်စေရန် ရေးဆွဲထားသော အစီအစဉ်များကို နားလည်လို ပါသည်။ သင်တန်းသူ/သားများအား သဏ္ဍာန်တူ သရုပ်ဆောင်(role play)စေပြီး အုပ်စုတွင်း အတွေ့အကြုံများ ဖလှယ်ကြရန်။ ဖြေကြားစဉ် မိမိကိုယ်မိမိ မည်မျှယုံကြည်စိတ်ချကြောင်း ၎င်းတို့ကို မေးပါ။ သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြပါစေ။ |
| မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှု - ၂ | ဒုတိယစစ်ဆေးအကဲဖြတ်မှုကို ပထမစစ်ဆေးအကဲဖြတ်မှုအတိုင်း လုပ်ခြင်းဖြစ်ပါသည်။ သင်တန်းသူ/သားတို့ မိမိကိုယ်မိမိ မည်မျှယုံကြည်မှုရှိကြောင်း ပြန်လည်သုံးသပ်ပြီး အမှတ် နှိုင်းယှဉ်ချက်များကို ဆွေးနွေးကြပါစေ။ |

| လုပ်ဆောင်ချက် | နောက်ထပ်စဉ်းစားဖွယ်အချက်များ |
|---|---|
| ဒုတိယ ကတိ | သင်ရိုးပိုင်း ၂ မှ တတ်မြောက်သွားသည့် အချက်တစ်ချက်ကို တွေးစေပြီး မည်သည့်အရာကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း တပည့်များအား သင်တန်းသူ/သားများက ကတိကဝတ်ပြုကြပါစေ။ ထိုကတိအား သုံးသပ်အကဲဖြတ်စေပြီး (သီတင်းပတ်---ပတ်ပြီးနောက်) ပြောင်းလဲမှုများကိုမှတ်သားစေပါ။ ပြောင်းလဲမှုက သင်ကြားသင်ယူမှုအပေါ် သက်ရောက်မှုနှင့် မိမိအနေဖြင့်ပိုမိုတိုးတက်ကောင်းမွန်ရန် မည်သို့ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ပြန်လည်သုံးသပ်ကြပါစေ။ ဤအချက်သည် လက်တွေ့လုပ်ဆောင်မှုသုတေသနစက်ဝန်း၏ အစကို ထင်ဟပ်ပြီးနောက် သင်ရိုးပိုင်းများတွင် ဖွံ့ဖြိုးမှုအတွက် ဆင့်ပိုးတည်ဆောက်ရန် အစဉ်မပြတ် ဆက်လက်ရေးဆွဲသွားမည့် လုပ်ငန်းအစီအစဉ်တစ်ရပ်ကို ဖန်တီးစေနိုင်ပါမည်။ သင်တန်းသူ/သားများအား သင်ယူမှုဂျာနယ်တွင် 'ကတိများ'ဟူသည့် အပိုင်းတစ်ခုထားကြရန် အားပေးပါ။။ စုစုပေါင်း ကတိ ၁၅ ခုရှိပါမည်။ |

## သင်ရိုးပိုင်း ၂ - အဆုံးသတ်ပဟေဠိအဖြေ

သင်တန်းသူ/သားများမှ ရာနှုန်းပြည့်အောင်မြင်ရန် စိတ်ကြိုက်အကြိမ်အရေအတွက်များများ ဖြေဆိုနိုင်ပါသည်။ ယုံကြည်စိတ်ချလာနိုင်ရန် အခွင့်အလမ်းဖြစ်ပါသည်။ (**အဖြေကိုစာလုံးအမည်းရင့်ဖြင့်ပေးထားသည်**)

မေးခွန်း ၁ - မိမိတပည့်များကို အဘယ်ကြောင့် သင် သိရှိသင့်ပါသနည်း (အဖြေ ၂ ခု ရွေးချယ်ပါ)။

(က) မိသားစုနှင့်သူငယ်ချင်းများကို တပည့်များအကြောင်းပြောပြရန်

**(ခ) တပည့်များ အကောင်းဆုံးသင်ယူပုံကိုစူးစမ်းရန်**

**(ဂ) တပည့်များ၏ စိတ်ဝင်စားမှုနှင့်အခက်အခဲအကြောင်းစူးစမ်းရန်**

(ဃ) သူတို့အကြောင်း အခြားတပည့်များကို ပြောပြရန်

မေးခွန်း ၂ - တပည့်များအကြောင်းကိုသိလျှင် အောက်ပါတို့ကိုတန်ဖိုးထားကြောင်းပြသရာရောက်ပါသည်။

**(က) မိမိအတန်းကို တပည့်များ တက်ရောက်မှု**

(ခ) မိမိအတန်းတွင်လူချစ်လူခင်ပေါမှု

(ဂ) မိမိအတန်းတွင်း အဆင့်အတန်းရှိမှု

မေးခွန်း ၃ - သင်ယူမှုလုပ်ဆောင်ချက်များစီစဉ်ရာတွင် တပည့်များအကြောင်းမိမိသိထားသည်များ အသုံးချသည့်အခါ အောက်ပါတို့ကို သင် တန်ဖိုးထားကြောင်း ပြသရာရောက်ပါသည် (အဖြေနှစ်ခုရွေးပါ)။

(က) မိမိကို'ပျော်စရာကောင်းသည့်'ဆရာ/မအဖြစ်မြင်ခြင်း

**(ခ) သင်ခန်းစာတွင်းပါဝင်မှု**

**(ဂ) သင်ယူမှုတွင်အောင်မြင်မှု**

(ဃ) မိမိကိုကြိုးစားသည့် ဆရာ/မအဖြစ်မြင်ခြင်း

မေးခွန်း ၄- အားလုံးအကျုံးဝင်သည့်အရင်းအမြစ်ဟူသည်အဘယ်နည်း (အဖြေနှစ်ခုသာရွေးပါ)။

(က) မတူကွဲပြားသည့်လူအများရှိကြောင်းပြသသည့်အရာ

**(ခ) မတူကွဲပြားသည့်လူအများအသည် အရေးပါမှု၊ အဆင့်အတန်းနှင့် အခွင့်အလမ်းများ တူညီကြကြောင်းပြသသည့်အရာ**

**(ဂ) တပည့်များ၏ မတူကွဲပြားမှုများကို လေးစားမှုပြသည့်အရာ**

(ဃ) မသန်စွမ်းမှုရှိသည့် တပည့်များ အကျုံးဝင်အောင်လုပ်ပုံကိုပြသသည့်အရာ

မေးခွန်း ၅ - အာရုံအမျိုးမျိုးဖြင့်သင်ယူမှုဟူသည် အဘယ်နည်း။

(က) အာရုံအားလုံးကို သင်ယူမှုအတွက် တစ်ပြိုင်နက်အသုံးချခြင်း

**(ခ) သင်ယူမှုအတွက် လုပ်ဆောင်ချက်အသီးသီးတွင် အာရုံအမျိုးမျိုးကိုသုံးခြင်း**

မေးခွန်း ၆ - အာရုံအမျိုးမျိုးဖြင့်သင်ယူမှုတွင် မည်သည့်အကျိုးကျေးဇူးရှိပါသနည်း (အဖြေသုံးခုရွေးပါ)။

(က) သင်ယူမှုအတွက်အာရုံအမျိုးမျိုးသုံးခြင်းဖြင့် မသန်စွမ်းမှုရှိသူများ သင်ယူနိုင်ပုံကိုပြသသည်။

**(ခ) မိမိတို့အာရုံအားလုံးသုံးခြင်းဖြင့် အာရုံများအားကောင်းလာကာ ပိုမိုသင်ယူနိုင်ပါမည်။**

(ဂ) အာရုံအမျိုးမျိုးသုံးပြီးသင်ယူခြင်းဖြင့် မိမိတို့ကလေးဘဝကသင်ယူမှုကို အမှတ်ရစေပါသည်။

**(ဃ) အာရုံအမျိုးမျိုးသုံးပြီးသင်ယူခြင်းဖြင့် ဦးနှောက်ပိုအလုပ်လုပ်ရပြီး ပိုမိုမှတ်မိလာသည်။**

**(င) အာရုံအမျိုးမျိုးသုံးပြီးသင်ယူခြင်းဖြင့် မိမိတို့၏ပိုမိုအားကောင်းလာသည့်အာရုံများကို သင်ယူမှုတွင် အသုံးပြုနိုင်ပါသည်။**